ခနသဟာယပြည်နယ် Kentucky
တရားရုံး *www.kycourts.gov*
RCr 8.08, 8.10
KRS 189A.010, .070, .085

**DUI**
**(အပြစ်ကို ဝန်ခံသည်)**

အမှု အမှတ် ____________________
တရားရုံး ______________________
ခရိုင် ______________________
ကိုးကားချက် # ___________________
ကျူးလွန်သည့်နေ့ရက် ______________

KENTUCKY ခနသဟာယပြည်နယ် တရားလို

နှင့်

_________________________________ တရားခံ

လိပ်စာ - _________________________________

_________________________________

တရားခံအနေဖြင့် လူကိုယ်တိုင် ❑ အကြံပေးနှင့်အတူ သို့မဟုတ် ❑ အကြံပေး မပါရှိဘဲ တက်ရောက်နိုင်ပြီး အောက်တွင် သတ်မှတ်ထားသည့် အတိုင်း "**အပြစ်ရှိကြောင်း**" ဝန်ခံမှုကို သူ/သူမ အနေဖြင့် ပြုနိုင်ရန် ဤကြားနာမှုကို ဆောင်ရွက်ပါသည်။ ဤတောင်းဆိုချက်ကို ဖြည့်ဆည်းရန် တရားခံမှ အောက်တွင်ဖော်ပြထားသည့်အတိုင်း ထွက်ဆိုပါသည် -

1. ကျွန်ုပ်သည် အထက်တွင် ဖော်ပြထားသောသူဖြစ်ပြီး ဆင့်ခေါ်ချက်/ဝရမ်းတွင် ကျွန်ုပ်ကို အောက်ပါ **DUI ❑ ပထမ ❑ ဒုတိယ ❑ တတိယ ❑ စတုတ္ထ** သို့မဟုတ် **နောက်ဆက်တွဲပြစ်မှုများအရ တရားစွဲဆိုထားပါသည်**။ _______________________ _______________________ အတွက် အပြစ်ရှိကြောင်း ကျွန်ုပ်ဝန်ခံပါသည်။
2. ယခု ကျွန်ုပ်၏ ဆုံးဖြတ်ချက်အပေါ် မူးယစ်ဆေးများ၊ အရက် သို့မဟုတ် ဆေးကုသမှုများကြောင့် သက်ရောက်ခြင်း မရှိပါ။
3. ကျွန်ုပ်အနေဖြင့် ဆင့်ခေါ်ချက်မိတ္တူတစ်စောင်ကို စိစစ်သုံးသပ်ပြီးပါပြီ။
4. ❑ **ကျွန်ုပ်အပေါ် စွဲချက်များနှင့် ပတ်သက်ပြီး သိထားသော အချက်များအားလုံးကို ကျွန်ုပ်၏ရှေ့နေအား ပြောထားပါသည်**။ သူ/သူမအား ကျွန်ုပ်၏အမှုအကြောင်း အပြည့်အဝ အသိပေးထားပြီးပြီဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့ အပြည့်အဝ ပြောဆိုဆွေးနွေးထားပြီး ဖြစ်ကာ ကျွန်ုပ်အပေါ် စွဲဆိုချက်များနှင့် ၎င်းတို့အား ခုခံချေပရန် ဖြစ်နိုင်သည့်အချက်များကို ကျွန်ုပ်နားလည်ပါသည်။ ကျွန်ုပ်၏ ရှေ့နေကပေးသော အကြံပြုချက်နှင့် ဆွေးနွေးတိုင်ပင်မှုများအပေါ် ကျွန်ုပ်ကျေနပ်ပါသည်။
5. **ကျွန်ုပ်အပေါ် မည်သည့်စွဲဆိုချက်ကိုမဆို "အပြစ်မရှိပါ" သို့မဟုတ် "အပြစ်ရှိပါသည်" ဟု ဝန်ခံနိုင်ကြောင်း ကျွန်ုပ်နားလည်ပါသည်။ အခြေခံဥပဒေအရ ကျွန်ုပ်တွင် ဤအခွင့်အရေးများရှိကြောင်းကိုနားလည်ပါသည်** - (a) **မိမိကိုယ်ကို ဆန့်ကျင်၍ သက်သေထွက်ဆိုခြင်း မပြုနိုင်သည့်** အခွင့်အရေး၊ (b) **ခနသဟာယပြည်နယ်က ကျိုးကြောင်းဆီလျော်သော သံသယတစ်ခုထက် ကျော်လွန်၍ ကျွန်ုပ်တွင် အပြစ်ရှိကြောင်း အတည်ပြုရမည့် လျင်မြန်ပြီး အများပြည်သူရှေ့မှောက်တွင် ဂျူရီလူကြီးများထံ၌ ဥပဒေအကျိုးဆောင်တို့နှင့်အတူ ကြားနာမှုတစ်ခု** ရပိုင်ခွင့်၊ (c) **ရှေ့နေငှားရန် ကျွန်ုပ် မတတ်နိုင်ပါက ရှေ့နေစီစဉ်ပေးရန်** အခွင့်အရေး။ (d) **ကျွန်ုပ်အပေါ် စွဲဆိုချက်များကို စစ်ဆေးရန် ခေါ်ယူထားသော သက်သေခံများအားလုံးကို မြင်တွေ့သိရှိရန်နှင့် ပြန်လှန်စစ်ဆေးရန်** အခွင့်အရေး။ (e) **ကျွန်ုပ်အတွက် အရေးသာစေမည့် သက်သေခံများ အပါအဝင် မည်သည့်အထောက်အထားကိုမဆို ထုတ်ဖော်ရန်** အခွင့်အရေး။ (f) **အဆင့်ပိုမြင့်သော တရားရုံးသို့ ကျွန်ုပ်၏အမှုကို အယူခံတက်နိုင်သည့်** အခွင့်အရေး။ နှင့် (g) **ကျိုးကြောင်းသင့်သော အာမခံရနိုင်သည့်** အခွင့်အရေး။ **ကျွန်ုပ်သည် "အပြစ်ရှိပါသည်" ဟု ဝန်ခံလျှင် အောက်ပါအချက်များ ဖြစ်လာမည်ကို** ကျွန်ုပ်နားလည်ပါသည်။ **ဤအခွင့်အရေးများကို ကျွန်ုပ်စွန့်လွှတ်ရကာ Kentucky ခနသဟာယပြည်နယ်အတွင်း စက်တပ်ယာဉ်များ မောင်းနှင်ခွင့်ကို ဆုံးရှုံးပါမည်**။ ကျွန်ုပ်ကို **အခြားသော DUI ပြစ်မှုများ သို့မဟုတ် လိုင်စင်ရုပ်သိမ်းခံရသည့် ပြစ်မှုများရှိပါလျက် ယာဉ်မောင်းနှင်ခြင်းကြောင့် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ပြစ်ဒဏ်တစ်ခုချင်းအလိုက် ပြစ်ဒဏ်ချမှတ်မှုများ တိုးမြင့်လာမည်ကိုလည်း** ထပ်မံ၍ နားလည်ပါသည်။
6. **"အပြစ်ရှိပါသည်"** ဟု ဝန်ခံလျှင် ဥပဒေအရ အကျုံးဝင်သော မည်သည့်ပြစ်ဒဏ်ကိုမဆို တရားရုံးအနေဖြင့် ချမှတ်နိုင်ဖွယ်ရှိပြီး ခနသဟာယပြည်နယ်၏ အကြံပြုချက်ကို ထည့်သွင်းစဉ်းစားမည်ဖြစ်သလို ၎င်းအား တရားရုံးမှ ငြင်းပယ်ခွင့်လည်း ရှိကြောင်း ကျွန်ုပ်နားလည်ပါသည်။ ဥပဒေအရ DUI ပြစ်ဒဏ်၏ အတိုင်းအတာများမှာ -
   (a) **၁၀ နှစ်အတွင်း ပထမဆုံး ပြစ်မှု ကျူးလွန်ခြင်း -**
      (1) **ပြစ်ဒဏ်** - ဒေါ်လာ 200 မှ 500 အထိ ငွေဒဏ် နှင့်/သို့ 48 နာရီမှ ရက်ပေါင်း 30 အထိ ထောင်ဒဏ်။ လူမှုအသိုင်းအဝိုင်း အလုပ်သမားအဖြစ် 48 နာရီမှ ရက်ပေါင်း 30 လုပ်ကိုင်ခြင်းကို ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်အစား ချမှတ်ခြင်း ခံရနိုင်ပါသည်။ တရားလိုကော်မရှင်တွင် ပိုမိုဆိုးရွားသောအခြေအနေတစ်ရပ် လက်ရှိတွင်ရှိပါက အနည်းဆုံး လေး (4) ရက် ထောင်ဒဏ်ကို မဖြစ်မနေ ချမှတ်ပါသည်။
      (2) **ကုန်ကျမှုနှင့် အခကြေးများ** - တရားရုံး ကုန်ကျစရိတ်၊ DUI ဝန်ဆောင်ခ၊ ကုသရေးအစီအစဉ်ကြေး၊ ခရိုင်ဝန်ဆောင်ခများ၊ ပြည်နယ်ဝန်ဆောင်ခများ။
      (3) **အရက် သို့မဟုတ် ဆေးစွဲမှု ကုသရေးအစီအစဉ်** - ရက် 90။

FOR INFORMATIONAL PURPOSES ONLY. NOT AN OFFICIAL COURT DOCUMENT.

(4) **လိုင်စင် ရုပ်သိမ်းမှု** - 6 လထက် မပိုသော ကာလ (သို့မဟုတ် တရားခံမှာ အသက် 18 နှစ်အောက် ဖြစ်လျှင် အသက် 18 နှစ်ပြည့်သည်အထိကာလ၊ ပိုကြာသောကာလကို ချမှတ်သည်)။ ignition interlock လိုင်စင်တစ်ခုကို လျှောက်ထားခွင့်ရှိပြီး အကယ်၍ ချိုးဖောက်မှုသည် KRS 189A.010(1)(c) သို့မဟုတ် (d) ဖြစ်လျှင် hardship လိုင်စင် တစ်ခုကို လျှောက်ထားခွင့် ရနိုင်ပါသည်။ လိုင်စင်ပလိတ်ပြား သိမ်းဆည်းခြင်းကို ignition interlock လိုင်စင် သို့မဟုတ် hardship လိုင်စင် ထုတ်မထားလျှင် ပြုလုပ်နိုင်ဖွယ် ရှိပါသည်။

(b) **10 နှစ် အတွင်း ဒုတိယအကြိမ် ကျူးလွန်မှု** -

(1) **ပြစ်ဒဏ်များ** - ဒေါ်လာ 350 မှ ဒေါ်လာ 500 အထိ ငွေဒဏ်နှင့် 7 ရက်မှ 6 လအထိ ထောင်ဒဏ်။ လူမှုအသိုင်းအဝိုင်းအလုပ်သမား အဖြစ် 10 ရက်မှ 6 လအထိ တရားရုံးက ချမှတ်နိုင်ပါသည်။ ထောင် နှင့်/သို့မဟုတ် လူမှုအသိုင်းအဝိုင်း အလုပ်သမားအဖြစ် အနည်းဆုံးကာလကို ကျခံရပါမည်။ ပိုမိုဆိုးရွားသည့် အခြေအနေတစ်ရပ်ရှိလျှင် အနည်းဆုံး 14 ရက် ထောင်ဒဏ်ကို မဖြစ်မနေ ချမှတ်ရမည် ဖြစ်ပါသည်။

(2) **ကုန်ကျမှုနှင့် အခကြေးများ** - တရားရုံး ကုန်ကျစရိတ်၊ DUI ဝန်ဆောင်ခ၊ ကုသရေးအစီအစဉ်ကြေး၊ ခရိုင်ဝန်ဆောင်ခများ၊ ပြည်နယ်ဝန်ဆောင်ခများ။

(3) **အရက် သို့မဟုတ် ဆေးစွဲမှု ကုသရေးအစီအစဉ်** - 1 နှစ်။

(4) လိုင်စင် ရုပ်သိမ်းခြင်း - 18 လ ထက် မပိုသော ကာလ (သို့မဟုတ် တရားခံသည် အသက် 18 နှစ်အောက် ဖြစ်လျှင် အသက် 18 နှစ်ပြည့်သည်အထိကာလ၊ ပိုကြာသောကာလကို ချမှတ်သည်)။ ignition interlock လိုင်စင်တစ်ခုကို လျှောက်ထားခွင့်ရှိပြီး အကယ်၍ ချိုးဖောက်မှုသည် KRS 189A.010(1)(c) သို့မဟုတ် (d) ဖြစ်လျှင် hardship လိုင်စင် တစ်ခုကို လျှောက်ထားခွင့် ရနိုင်ပါသည်။ လိုင်စင်ပလိတ်ပြား သိမ်းဆည်းခြင်းကို ignition interlock လိုင်စင် သို့မဟုတ် hardship လိုင်စင် ထုတ်မထားလျှင် ပြုလုပ်နိုင်ဖွယ် ရှိပါသည်။

(c) **10 နှစ်အတွင်း တတိယအကြိမ် ကျူးလွန်ခြင်း** -

(1) **ပြစ်ဒဏ်များ** - ဒေါ်လာ 500 မှ ဒေါ်လာ 1000 အထိ ငွေဒဏ်နှင့် ရက် 30 မှ 12 လအထိ ထောင်ဒဏ်ဖြစ်ပြီး တရားရုံးက လူမှုအသိုင်းအဝိုင်း အလုပ်သမားအဖြစ် 10 ရက် မှ 12 လအထိ ချမှတ်နိုင်ပါသည်။ ထောင် နှင့်/သို့မဟုတ် လူမှုအသိုင်းအဝိုင်း အလုပ်သမားအဖြစ် အနည်းဆုံးကာလကို ကျခံရပါမည်။ ပိုမိုဆိုးရွားသော အခြေအနေတစ်ရပ် ရှိပါက အနည်းဆုံး ရက်ပေါင်း 60 ထောင်ဒဏ်ကို မဖြစ်မနေ ချမှတ်ရမည် ဖြစ်ပါသည်။

(2) **ကုန်ကျမှုနှင့် အခကြေးများ** - တရားရုံး ကုန်ကျစရိတ်၊ DUI ဝန်ဆောင်ခ၊ ကုသရေးအစီအစဉ်ကြေး၊ ခရိုင်ဝန်ဆောင်ခများ၊ ပြည်နယ်ဝန်ဆောင်ခများ။

(3) **အရက် သို့မဟုတ် ဆေးစွဲမှု ကုသရေးအစီအစဉ်** - 1 နှစ်။

(4) **လိုင်စင် ရုပ်သိမ်းခြင်း** - 36 လ ထက်မပိုသော ကာလ (သို့မဟုတ် တရားခံသည် အသက် 18 နှစ်အောက် ဖြစ်လျှင် အသက် 18 နှစ်ပြည့်သည်အထိကာလ၊ ပိုကြာသောကာလကို ချမှတ်သည်)။ ignition interlock လိုင်စင်တစ်ခုကို လျှောက်ထားခွင့်ရှိပြီး အကယ်၍ ချိုးဖောက်မှုသည် KRS 189A.010(1)(c) သို့မဟုတ် (d) ဖြစ်လျှင် hardship လိုင်စင် တစ်ခုကို လျှောက်ထားခွင့် ရနိုင်ပါသည်။ လိုင်စင်ပလိတ်ပြား သိမ်းဆည်းခြင်းကို ignition interlock လိုင်စင် သို့မဟုတ် hardship လိုင်စင် ထုတ်မထားလျှင် ပြုလုပ်နိုင်ဖွယ် ရှိပါသည်။

(d) **10 နှစ်အတွင်း လေးကြိမ်နှင့်အထက် ကျူးလွန်ခြင်း** -

(1) **ပြစ်ဒဏ်** - 1 နှစ်မှ 5 နှစ်အထိ (Class D ရာဇဝတ်မှုကြီး)။ ရက်ပေါင်း 120 ပြစ်ဒဏ်ခံရပါမည်။ ပိုမိုဆိုးရွားသည့် အခြေအနေ တစ်ရပ်ရှိလျှင် အနည်းဆုံးရက်ပေါင်း ၂၄၀ ထောင်ဒဏ်ကို မဖြစ်မနေ ချမှတ်ရမည် ဖြစ်ပါသည်။

(2) **ကုန်ကျမှုနှင့် အခကြေးများ** - တရားရုံး ကုန်ကျစရိတ်၊ DUI ဝန်ဆောင်ခ၊ ကုသရေးအစီအစဉ်ကြေး၊ ခရိုင်ဝန်ဆောင်ခများ၊ ပြည်နယ်ဝန်ဆောင်ခများ။

(3) **အရက် သို့မဟုတ် ဆေးစွဲမှု ကုသရေးအစီအစဉ်** - 1 နှစ်။

(4) **လိုင်စင် ရုပ်သိမ်းခြင်း** - လပေါင်း 60 ထက် မပိုသော ကာလ (သို့မဟုတ် တရားခံသည် အသက် 18 နှစ်အောက် ဖြစ်လျှင် အသက် 18 နှစ်ပြည့်သည်အထိကာလ၊ ပိုကြာသောကာလကို ချမှတ်သည်)။ ignition interlock လိုင်စင်တစ်ခုကို လျှောက်ထားခွင့်ရှိပြီး အကယ်၍ ချိုးဖောက်မှုသည် KRS 189A.010(1)(c) သို့မဟုတ် (d) ဖြစ်လျှင် hardship လိုင်စင် တစ်ခုကို လျှောက်ထားခွင့် ရနိုင်ပါသည်။ လိုင်စင်ပလိတ်ပြား သိမ်းဆည်းခြင်းကို ignition interlock လိုင်စင် သို့မဟုတ် hardship လိုင်စင် ထုတ်မထားလျှင် ပြုလုပ်နိုင်ဖွယ် ရှိပါသည်။

(e) **အထက်ဖော်ပြပါ ပိုမိုဆိုးရွားသော အခြေအနေများမှာ** - (1) စက်တပ်ယာဉ် (**MV**) အား ကန့်သတ်အမြန်နှုန်းထက် တစ်နာရီ မိုင် 30 ပိုမောင်းခြင်း (2) စက်တပ်ယာဉ်ကို သတ်မှတ်ယာဉ်များသာ သွားလာနိုင်သော အမြန်လမ်းမကြီးတွင် လမ်းပြောင်းပြန် မောင်းနှင်ခြင်း (3) စက်တပ်ယာဉ်ကို မောင်းနှင်ရာ၌ သေဆုံးခြင်း သို့မဟုတ် ဆိုးရွားသော ထိခိုက်ဒဏ်ရာရခြင်းကဲ့သို့ မတော်တဆမှု ဖြစ်ပွားခြင်း (4) စက်တပ်ယာဉ်ကို မောင်းနှင်ရာ၌ မောင်းနှင်မှုကို ရပ်တန့်ပြီးနောက် 2 နာရီအတွင်း မောင်းနှင်သူ၏ သွေးတွင် သို့မဟုတ် အသက်ရှူရှိုက်မှုတွင် အရက်ကို 0.15 နှင့်အထက် စစ်ဆေးတွေ့ရှိရခြင်း (5) KRS 189A.010(1) ကိုချိုးဖောက်ခြင်းတွင် စက်တပ်ယာဉ်ကို

FOR INFORMATIONAL PURPOSES ONLY. NOT AN OFFICIAL COURT DOCUMENT.

မောင်းနှင်သူ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအရ ထိန်းချုပ်သူဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းရင်းများရှိသည့် သူကို အရာရှိက တောင်းဆိုသော မည်သည့်စစ်ဆေးမှု(များ) [သွေး၊ အသက်ရှူခြင်း သို့မဟုတ် ဆီး] ကိုမဆို ပေးရန်ငြင်းဆန်ခြင်း၊ ချွင်းချက်အနေဖြင့် KRS 189A.010(5)(a) အရ ပထမဆုံးကျူးလွန်ခြင်း မပါဝင်ပါ၊ နှင့် (6) အသက် 12 နှစ်အောက် ခရီးသည်ကို ပို့ဆောင်ရသော စက်တပ်ယာဉ်ကို မောင်းနှင်ခြင်း။

7. **တရားရုံးက ဝန်ခံမှုသဘောတူညီချက်ကို ငြင်းပယ်လျှင်** ကျွန်ုပ်ကို အသိပေးရန်နှင့် ကျွန်ုပ်၏ အပြစ်ဝန်ခံမှုကို ဆက်လက်ပြုလုပ်ရန်ဖြစ်စေ၊ ယင်းသို့ပြုလုပ်ရာတွင် ဝန်ခံမှု သဘောတူညီချက်တွင် ဖော်ပြထားသည်ထက် ပို၍အကျိုးရှိမှုနည်းသော အခြေအနေတစ်ရပ်ကို ကျွန်ုပ်ရရှိနိုင်ပြီး ကျွန်ုပ်၏ အပြစ်ဝန်ခံမှုကို ရုပ်သိမ်းကာ ကြားနာမှုကို ဆက်လက်ပြုလုပ်ခွင့်ကိုဖြစ်စေ ခွင့်ပြုရမည် ဖြစ်ပါသည်။

8. ကျွန်ုပ်၏ အပြစ်ဝန်ခံမှုအပေါ် ရလဒ်အနေဖြင့်၊ **ခနသဟာယပြည်နယ်က အောက်ပါ မူလ/ပြင်ဆင်ထားသည့် စွဲဆိုချက်(များ)** နှင့် အမိန့်ချမှတ်မှု(များ)ကို တရားရုံးထံ အကြံပြုရန် သဘောတူညီပါသည် -____________________________________

____________________________________________________________________

အကြံပြုချက်မှတစ်ပါး ကျွန်ုပ်၏ ရှေ့နေအပါအဝင် မည်သူကမျှ အခြားအကျိုးဖြစ်မည့်ရလဒ်များကို အပြစ်ဝန်ခံမှုအတွက် ကတိမပေးနိုင်သလို ကျွန်ုပ်အား **"အပြစ်ရှိပါသည်"** ဟု ဝန်ခံရန် တစ်စုံတစ်ဦးက ဖိအားပေးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုနိုင်ပါ။

9. ❑ **ကျွန်ုပ်တွင် အပြစ်ရှိသောအကြောင်းကြောင့်နှင့် အပြစ်မရှိသူဖြစ်ကြောင်း မငြင်းပယ်နိုင်ခြင်းကြောင့်** အထက်ဖော်ပြပါ အကြံပြုချက်အရ **"အပြစ်ရှိပါသည်"** ဟု ဝန်ခံရန် ကျွန်ုပ်ဆန္ဒရှိပါသည်။ ဤအကြောင်းချက်များက ကျွန်ုပ်တွင် အပြစ်ရှိသည်ကို ဖော်ပြပါသည် - ________________________________, 2____________,

____________________________________________________________________

____________________________________________________________________

**သို့မဟုတ်**

❑ **<u>North Carolina v. Alford,</u>400 U.S. 25 (1970)** အရ အထက်ဖော်ပြပါ အကြံပြုချက်များနှင့်အညီ **"အပြစ်ရှိပါသည်"** ဟု ဝန်ခံရန် ကျွန်ုပ်ဆန္ဒရှိပါသည်။ ဤသို့ဝန်ခံရခြင်းမှာ ကျွန်ုပ်၌ အပြစ်ရှိကြောင်း ဝန်ခံခြင်းမဟုတ်သော်လည်း ကျွန်ုပ်အား စွဲဆိုထားသည့် သက်သေများက အပြစ်ရှိသည်ဟု အခိုင်အမာ ပြသနေကြောင်းနှင့် အပြစ်ရှိကြောင်း ဝန်ခံခြင်းမှာ ကျွန်ုပ်၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်ကြောင်း ယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။

10. ယနေ့ ဤနေရာတွင် ကျွန်ုပ်အပေါ် ပြစ်ဒဏ်စီရင်ခြင်းကြောင့် အပြစ်ရှိကြောင်း တွေ့ရှိရလျှင် နှင့်/သို့မဟုတ် **နောင်တွင် မည်သည့် ရာဇဝတ်မှု အတွက်မဆို ပြစ်ဒဏ်စီရင်ခံရလျှင် ပိုများသော/ပိုမိုကြီးလေးသော ပြစ်ဒဏ်များ ခံရခြင်းရှိနိုင်ကြောင်းကို ကျွန်ုပ်နားလည်ပါသည်။** ကျွန်ုပ်သည် အမေရိကန်နိုင်ငံသားတစ်ဦး မဟုတ်လျှင် အမေရိကန်ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားခံယူမှုဆိုင်ရာ ဝန်ဆောင်မှု၏ ဥပဒေနှင့် စည်းမျဉ်းများအရ တိုင်းပြည်မှ နှင်ထုတ်ခြင်းကို ခံရနိုင်ဖွယ်ရှိကြောင်း ကျွန်ုပ်နားလည်ပါသည်။

11. ကျွန်ုပ်သည် **"အပြစ်ရှိပါသည်"** ဟု ဝန်ခံခြင်းကို လွတ်လပ်စွာ၊ သိရှိစွာ၊ သိမြင်နားလည်စွာနှင့် ဆန္ဒအလျောက် ပြုလုပ်ကြောင်း အတိအလင်း မြွက်ဆိုပါသည်။ ဤအမှုကိစ္စ ဆောင်ရွက်ခြင်း၊ ဤဝန်ခံမှု၏ ပြည့်စုံသော စည်းကမ်းများနှင့် ယင်းစည်းကမ်းများအရ ကျွန်ုပ်အပေါ်တွင် ရှိလာမည့် ဝတ္တရားများ အားလုံး၏ သဘောကို ကျွန်ုပ်နားလည်ပါသည်။

ဤ ____________ ရက်နေ့ ____________________, 2________ တွင် အများပြည်သူ လာရောက်နိုင်သည့် တရားရုံး၌ လက်မှတ်ထိုးထားပါသည်။

| ____________________ | ____________________ | ____________________ |
|---|---|---|
| **တရားခံ၏ လက်မှတ်** | **တရားခံရှေ့နေ၏ လက်မှတ် (ရှိလျှင်)** | **ရှေ့နေအမည်ကို စာလုံးအကြီးဖြင့် ဖြည့်ပါ** |

FOR INFORMATIONAL PURPOSES ONLY. NOT AN OFFICIAL COURT DOCUMENT.